## ၇။ တယောဆရာ



အိမ်နီးချင်းဖြစ်သူ ညတိုင်း အဆက်မပြတ် တယောထိုးသဖြင့် လင်မယားနှစ်ယောက် အိပ်လို့မရချေ။ သို့နှင့် အိမ်နီးချင်းတယောဆရာကို လင်မယားနှစ်ယောက်စလုံး ညတိုင်း တယောမထိုးရန် သွားတောင်းပန်သည်။ မရ၊ တယောဆရာ တစ်ညလုံး တယောထိုးမြဲ။

နောက်ဆုံး မိန်းမက ယောကျ်ားကို ပြောသည်။

''ဒီလူကို ဒီအတိုင်း တောင်းပန်လို့တော့ ရမှာမဟုတ်ဘူး။ ရှင် တစ်ခုခုလုပ်မှဖြစ်မယ်''

ယောကျ်ားဖြစ်သူ အိမ်နီးချင်းဆီ ကူးသွားသည်။ ခဏ



အကြာတွင် တယောသံ တိတ်သွားသည်။ အိမ်ပြန်လာသောယောကျ်ားကို မိန်းမက မေးသည်။

''ဒီလူ တယောထိုးတာရပ်သွားအောင် ရှင် ဘာလုပ်လိုက်သလဲ''

''ရလိုရငြား နောက်ဆုံးအနေနဲ့ ငါ သူ့ကို တောင်းပန်ကြည့်ပါသေးတယ်၊ မရဘူး၊ ဒါနဲ့ သူ့တယောကို ပြတင်းပေါက်ကနေ အောက်ကို လွှင့်ပစ်လိုက်တယ်၊ ၈–ထပ်ကကျတာဆိုတော့ အစိတ်အစိတ် ကြေမွသွားမှာပဲ''

''ကျွန်မ သိရသလောက် အိမ်နီးချင်းဟာ တယောကို သူ့ကိုယ်ပေါ်က ဘယ်တော့မှမခွာဘူး မဟုတ်လား''

''ဟုတ်တယ်၊ အခုလည်း သူ့ကိုယ်ပေါ်က မခွာဘူးလေ''

☺